Ministry for Ethnic Communities
Te Tari Mātāwaka

# ပြည်ပနှောင့်ယှက်မှုကို မည်သို့သတင်းပို့မည်နည်း

နယူးဇီလန်ရှိ လူမျိုးစုအသိုင်းအဝိုင်းများသည် ပြည်ပနှောင့်ယှက်မှုကိုသည်းခံရန် မလိုအပ်ပါ။ အောက်ပါရွေးချယ်စရာများကို အသုံးပြု၍ ပြည်ပနှောင့်ယှက်မှုကို သတင်းပို့နိုင်ပါသည်။

### အရေးပေါ်လိုအပ်ပါက

လက်ရှိတွင် ဖြစ်ပျက်နေခြင်း ဖြစ်ပါက 111 သို့ဆက်ပြီး ရဲ ကိုခေါ်ပါ။

အကယ်၍ သင်သည် မိုဘိုင်းဖုန်းနှင့်ဆက်နေခြင်းဖြစ်ပြီး စကားမပြောနိုင်ပါက၊ ဆိတ်ဆိတ်နေပြီး ‘press 55’ ဆိုသည့် ညွှန်ကြားချက်ကို စောင့်နားထောင်ပါ။

အကယ်၍ သင်သည် ကြိုးဖုန်းနှင့်ဆက်နေခြင်းဖြစ်ပြီး စကားမပြောနိုင်ပါက ဆိတ်ဆိတ်နေပြီး အော်ပရေတာမှ အကူအညီအတွက် ဘယ်ခလုတ်နှိပ်ရမည်ကို ပြောပါမည်။

## ပြည်ပနှောင့်ယှက်မှုကို သတင်းပို့ခြင်း

NZSIS သို့မဟုတ် ရဲတပ်ဖွဲ့ထံ သတင်းပို့ခြင်းဖြင့် နယူးဇီလန်ကို ပြည်ပနှောင့်ယှက်မှုမှ ကင်းဝေးစေရန် ကျွန်ုပ်တို့အားလုံး ကူညီပေးနိုင်ပါသည်။ သင်မည်သည့်နည်းဖြင့် သတင်းပို့သည်ဖြစ်စေ သင့်အချက်အလက်များသည် မှန်ကန်သောနေရာသို့ သေချာရောက်သွားမည်ဖြစ်သည်။

### ပြည်ပနှောင့်ယှက်မှုကို NZSIS သို့ သတင်းပို့ခြင်း

ပြည်ပနှောင့်ယှက်မှုကို NZSIS ဝဘ်ဆိုက်ရှိ လုံခြုံစိတ်ချရသော အွန်လိုင်း ဖောင် ဖြည့်ပြီး သတင်းပို့နိုင်ပါသည်။

သင်ဆန္ဒမရှိပါက သင့်အမည်၊ ဖုန်းနံပါတ် သို့မဟုတ် ဆက်သွယ်ရန်အသေးစိတ်အချက်အလက်များစသည့် သင်၏ကိုယ်ရေးကိုယ်တာအချက်အလက်များကို ပေးဆောင်ရန်မလိုအပ်ပါ။ ဖောင်ကို သင့်ကိုယ်ပိုင်ဘာသာစကားဖြင့်လည်း ဖြည့်စွက်နိုင်ပါသည်။

NZSIS မှ တစ်ယောက်ယောက်နှင့် စကားပြောလိုပါက **+64 4 472 6170** သို့ **0800 747 224** ကို ဖုန်းခေါ်ပါ။

NZSIS သည် သင့်အစီရင်ခံစာကို ရရှိပါက စစ်ဆေးမည်ဖြစ်သည်။ သင့်ကိုဆက်သွယ်ရန် အသေးစိတ်အချက်အလက်များကို သင်ဖြည့်ထားခဲ့ပါက၊ NZSIS သည် ပိုမိုသိရှိလိုမှသာလျှင် သင့်ထံ ဆက်သွယ်မည်ဖြစ်သည်။ NZSIS မှ သင့်အား မဆက်သွယ်ပါက၊ သင့်အစီရင်ခံစာကို လျစ်လျူရှုထားသည်ဟု မဆိုလိုပါ။

## ပြည်ပနှောင့်ယှက်မှုကို ရဲ သို့ သတင်းပို့ခြင်း

အရေးပေါ် မဟုတ်ပါက ရဲကို သတင်းပို့နိုင်သည့် နည်းလမ်းများမှာ-

- 105 အွန်လိုင်း ဖောင် ကိုဖြည့်ခြင်း
- 105 သို့ မည်သည့်မိုဘိုင်း သို့မဟုတ် ကြိုးဖုန်းမှမဆို ဖုန်းခေါ် ခြင်း၊ ထိုဝန်ဆောင်မှုသည် အခမဲ့ဖြစ်ပြီး နိုင်ငံတစ်ဝှမ်း 24/7 ရရှိနိုင်ပါသည်။

105 ဖောင်တွင် ရဲတပ်ဖွဲ့သည် သင့်အစီရင်ခံစာကို ကြည့်ရှုပြီး နောက်ဆက်တွဲလုပ်ဆောင်ရန် သင့်ကိုယ်ရေးကိုယ်တာ အချက်အလက်အချို့ကို တောင်းဆိုပါသည်။ ရဲတပ်ဖွဲ့သည် ဤအချက်အလက်ကို ခွင့်ပြုထားသည့်ရည်ရွယ်ချက်အတွက်သာ အသုံးပြုသည်။